# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး

## ဝါရှင်တန်မြို့

## အသိပေးကြေညာချက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၇ ရက်)

၁။ ပြည်ပနိုင်ငံများသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေထိုင်လျက်ရှိကြသော မြန်မာနိုင်ငံသားများအနေဖြင့် ရောက်ရှိရာ အိမ်ရှင်နိုင်ငံအစိုးရ၏ တရားဥပဒေများ၊ ဗီဇာစည်းကမ်းများကို သိရှိလိုက်နာကြရန်လိုအပ်သည့်အားလျော်စွာ အမေရိကန်နိုင်ငံသို့ ရောက်ရှိလျက်ရှိကြသော မြန်မာနိုင်ငံသားများသည်လည်း အိမ်ရှင်နိုင်ငံအစိုးရ၏ ဒေသန္တရ ဥပဒေများ၊ ဗီဇာစည်းကမ်းများ၊ လမ်းစည်းကမ်းများကို သိရှိလိုက်နာကြရန်နှင့် အာဏာပိုင်များမှ ထုတ်ပြန်ချက်များ၊ ဒေသန္တရသတင်းများကိုလည်း လေ့လာသတိပြု ကြပါရန် အထူးအသိပေးအကြောင်းကြားအပ်ပါသည်။

၂။ အိမ်ရှင်နိုင်ငံအစိုးရသည် လုံခြုံရေးနှင့် လူထုဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် တရားမဝင်ဝင်ရောက်မှု၊ တရားမဝင်နေထိုင်မှုနှင့် ရာဇဝတ်မှုကျူးလွန်သည့် နိုင်ငံခြားသားများကို အလေးထားကာ ထိန်းသိမ်းအရေးယူလျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးဥပဒေများကို တိကျစွာ အလေးပေးကျင့်သုံးလျက်ရှိပြီး အမေရိကန်နိုင်ငံတွင်း၌ တရားမဝင်နေထိုင်လျက်ရှိကြသော နိုင်ငံခြားသားများအား ထွက်ခွာကြရန် တိုက်တွန်းထားပါသည်။ နိုင်ငံခြားသားများ တရားမဝင်ဝင်ရောက်မှုများအပေါ် ဥပဒေအရ အပြည့်အဝအရေးယူဆောင်ရွက်မည် (Full legal prosecution) ဟု သက်ဆိုင်ရာအာဏာပိုင်များက သတိပေးချက်များ ထုတ်ပြန်ထားကြောင်း၊ ခွင့်ပြုထားသည့်ကာလထက် ကျော်လွန်နေထိုင်သော နိုင်ငံခြားသားများသည် ထိန်းသိမ်းခံရခြင်း၊ ဒဏ်ငွေတပ်ခြင်း၊ ထောင်ဒဏ်ချမှတ်ခြင်း၊ ပြည်နှင်ခြင်းနှင့် အမေရိကန်နိုင်ငံသို့ ဝင်ရောက်မှု အပြီးအပြတ်ပိတ်ပင်ခြင်းတို့ကို ရင်ဆိုင်ရနိုင်ကြောင်း သိရှိရပါသဖြင့် မြန်မာနိုင်ငံသားများအနေဖြင့် သတိပြုကြရန်လိုအပ်ပါသည်။

၃။ ပြည်ဝင်ဗီဇာဖြင့်တရားဝင်ရောက်ရှိလာသူများကိုလည်း နောက်ပိုင်းတွင် လုံခြုံရေး စစ်ဆေးမှုများဆက်လက်လုပ်ဆောင်နိုင်ကြောင်း သိရှိရပြီး၊ ဥပဒေဖောက်ဖျက်မှု သို့မဟုတ် ဗီဇာအလွဲသုံးစားမှုများကို လူဝင်ကြီးကြပ်ရေးအရာရှိများက စိစစ်တွေ့ရှိပါက ဗီဇာရုပ်သိမ်းခံရခြင်းနှင့် ပြည်နှင်ခံရခြင်းတို့ ကြုံတွေ့လာနိုင်မည်ဖြစ်ပြီး ပြင်းထန်သည့် နောက်ဆက်တွဲအခြေအနေများကို ရင်ဆိုင်နိုင်ရကြောင်း လတ်တလော သတင်းများ၊ လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များ၏ ထုတ်ပြန်ချက်များအရ သိရှိရသဖြင့် အထူး အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။

၄။ တရားမဝင်နေထိုင်လျက်ရှိကြသော နိုင်ငံခြားသားများအနေဖြင့် ဆန္ဒအလျောက် ထွက်ခွာလိုသူများအတွက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ CBP Home App (www.dhs.gov/cbphome) မှတစ်ဆင့် မှတ်ပုံတင်နိုင်ကြောင်းနှင့် "CBP Home" နှင့်ပတ်သက်၍ https://www.cbp.gov/about/mobile-apps-directory/cbphome တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက တိုက်တွန်းထားပြီး၊ တရားမဝင်နေထိုင်သူဖြစ်ပါက ဆန္ဒအလျောက် ထွက်ခွာခြင်းဖြင့် ကာယကံရှင်နှင့် မိခင်နိုင်ငံ၏ ဂုဏ်သိက္ခာ မထိခိုက်ဘဲ လက်ခံရာနိုင်ငံမှ ထွက်ခွာနိုင်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၅။ သို့ပါ၍ အမေရိကန်နိုင်ငံရောက် မြန်မာနိုင်ငံသားများအနေဖြင့် အိမ်ရှင်နိုင်ငံအစိုးရ၏ ဥပဒေများကို လေးစားလိုက်နာကြရန်နှင့် မြန်မာနိုင်ငံအပြန်ခရီးအတွက် မည်သည့်ခရီးသွားလက်မှတ်အမျိုးအစားမျှ မရှိပါက သို့မဟုတ် နိုင်ငံကူးလက်မှတ်သည် ကာလကြာမြင့်စွာ သက်တမ်းလွန်နေပါက မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် ကြိုတင်လျှောက်ထားနိုင်ပါကြောင်း၊ လျှောက်ထားရန် ပုံစံနှင့် လိုအပ်ချက်များအား ဤသံရုံး၏ ဝက်ဘ်ဆိုက်မှ ရယူဖြည့်စွက်၍ အီးမေးလ်/ ဖုန်းတို့ဖြင့် ဆောလျင်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ထပ်လောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

မြန်မာသံရုံး၊ ဝါရှင်တန်မြို့
ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ မေလ ၂၇ ရက်

= = =